## မြန်မာ : ဆန်စပါး ပြည်ပတင်ပို့မှု အခွင့်အလမ်းများ အပေါ် အသုံးချခြင်း

### အဓိက တွေ့ရှိချက်များ

- မြန်မာနိုင်ငံတွင် နောက်လာမည့် ၁၀-၁၅ နှစ်အတွင်း ဆန်တင်ပို့မှု မြင့်မားမည့် ဈေးကွက် အလား အလာကောင်း များရှိနေသည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံသို့ ဆန်စပါး အဓိက တင်ပို့ ရောင်းချပြီး ဥရောပ သမဂ္ဂသည် မြန်မာနိုင်ငံမှ ဆန်များအား အကောက်ခွန်လွတ် တင်သွင်းရန် ဈေးကွက်ကို ဖွင့်ပေးခဲ့သည်။

- ဒေသတွင်းရှိ အခြား ပို့ကုန်တင်ပို့သော ထိုင်း၊ ဗီယက်နမ် နှင့် ကမ္ဘောဒီးယား နိုင်ငံများမှ ခိုင်မာသည့် ယှဉ်ပြိုင်မှုနှင့် အရည်အသွေးမြင့်ဆန် ဝယ်လိုအား မြင့်တက်နေခြင်းကြောင့် အရည် အသွေးနိမ့် ပို့ကုန်ဈေးကွက်အား အဓိကထားနေသော မြန်မာ့ဆန်စပါး ကဏ္ဍအပေါ် ဖိအား ဖြစ်ပေါ်နေသည်။

- လွန်ခဲ့သော နှစ်များအတွင်း အမှန်တကယ် ဆန်တင်ပို့သည့် ပမာဏသည် တန်ချိန် ၁.၃ သန်းသာ ရှိခဲ့ပြီး ယခုနှစ်တွင် ဆန်တန်ချိန် ၂ သန်းနှင့် ၂၀၂၀ ခုနှစ်တွင် တန်ချိန် ၄ သန်း တင်ပို့မည့် အစိုးရ၏ လျာထားချက်မှာ ပြည့်မီခြင်းမရှိချေ။

- အဆိုးဆုံး ပြဿနာများမှာ လယ်ယာအဆင့်တွင် ထုတ်လုပ်မှု လျော့ကျခြင်းနှင့် ဆန်အရည်အသွေး ညံ့ဖျင်းမှုပင်ဖြစ်သည်။ ဒေသတွင်း ဆန်တင်ပို့သူများ၏ ထက်ဝက်လောက်သာ တစ်ဟက်တာလျှင် ပျမ်းမျှအထွက်နှုန်း ၂.၅ ရရှိအောင် အကောင်အထည်ဖော်ခဲ့သည်။

- ခေတ်နောက်ကျနေသည့် ဆန်ကြိတ်ခွဲရေး စက်များဖြင့် လုပ်ကိုင်နေသည့် ကြိတ်ခွဲရေးကဏ္ဍတွင် ကြိတ်ခွဲစဉ်အတွင်း အရည်အသွေး နှင့် အရေအတွက် ၁၅ မှ ၂၀% ခန့်ဆုံးရှုံးမှု ဖြစ်ပေါ်နေသည်။

- အဓိက ပို့ကုန်တင်ပို့ရာ ဂိတ်ပေါက်ဖြစ်သည့် ရန်ကုန်ဆိပ်ကမ်းသည် သေးငယ်ပြီး ခေတ်မမီတော့ဘဲ မှတ်သုံးရာသီအတွင်း လုပ်ငန်းဆောင်ရွက်နိုင်စွမ်း အကန့်အသတ်ဖြင့်သာရှိသည်။ ပို့ကုန်တင်ပို့မှု အဆင့်ဆင့်ကုန်ကျစရိတ်မှာ ဒေသတွင်း အမြင့်ဆုံးများတွင် အပါအဝင်ဖြစ်သည်။

- စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုတွင် အတားအဆီးအများအပြားကို ဖယ်ရှားပေးခဲ့သော်လည်း အစိုးရ၏ လုပ်ဆောင်မှုများအတွင်း မသေချာမရေရာမှုများ နှင့်ပတ်သက်ပြီး ပုဂ္ဂလိကကဏ္ဍက သတိထားနေဆဲဖြစ်သည်။

### အကြံပြုချက်များ

#### *ရေတိုကာလတွင်*

• ဆန်ဈေးကွက်၏ လုပ်ငန်းများ ချောမွေ့အဆင်ပြေစေရေးနှင့် ချင့်ချင့်ချိန်ချိန်ရှိသော မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် **ပါဝင်ပတ်သက်သူများအား ထုတ်လုပ်မှု၊ စားသုံးမှု၊ တင်ပို့မှု နှင့် ဈေးနှုန်းဆိုင်ရာ ပိုမိုတိကျသော ဈေးကွက်သတင်းအချက်အလက်များ ပံ့ပိုးပေးရန်။**

**• ဘဏ်ချေးငွေ ပြန်လည် ပေးဆပ်ရမည့် သတ်မှတ်သက်တမ်းအား ၁၂ လသတ်မှတ်ထားသည့် စည်းမျဉ်းကို ရုတ်သိမ်းပေးပြီး** အကြွေးယူရာတွင် အာမခံပစ္စည်းအဖြစ် ထားရှိကာ ချေးငွေရယူနိုင်သော အမျိုးအစားကို

တိုးချဲ့ပေးရန်။

• **ကြိတ်ခွဲမှု၊ သိုလှောင်မှု နှင့် ကုန်သွယ်မှုများအတွင်း တိုက်ရိုက်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုပေးပြီး** ဖက်စပ်လုပ်ငန်းများ မှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုတွင် အစိုးရထံမှ ခွင့်ပြုချက်တောင်းခံသည့် စနစ်ကို ဖယ်ရှားရန်။

• လယ်ယာထုတ်လုပ်မှု ကုန်ကျစရိတ်များ အတူတူဖြစ်စေရန် နှင့် စားသောက်ကုန်ဈေးနှုန်းများ ကြီးမြင့်မှုကို ရှောင်ရှားရန်အတွက် **အစိုးရပိုင် အများအပြား သိုလှောင်ခြင်းအား ရှောင်ကျဉ်ပြီး အနိမ့်ဆုံး လယ်ယာဈေးနှုန်းကို အသုံးပြုရန်။**

• **ကုန်သွယ်ရေးမူဝါဒ ကြိုတင်ခန့်မှန်းနိုင်မှုကို တိုးမြှင့်ရမည်။** ပို့ကုန်တားမြစ်ပိတ်ပင်မှုကို ရှောင်ကျဉ်ရန် လိုအပ်သည်။ ပို့ကုန်လိုင်စင်များအား ထုတ်ပြန်ပြီးသည်နှင့် ပယ်ဖျက်ခြင်း သို့မဟုတ် မြင့်မားသည့် အခွန် ကောက်ခြင်း မပြုသင့်ပါ။

• **ဆိပ်ကမ်းခများ လျှော့ချပြီး ပို့ကုန်လုပ်ငန်း ကုန်ကျစရိတ်များအား လျှော့ချပေးရမည်။** မြန်မာ့ဆန် ယှဉ်ပြိုင်မှု တိုးတက်ရေးအတွက် ပို့ကုန်လုပ်ငန်းစဉ်များနှင့် ဆိပ်ကမ်းကုန်ကျစရိတ်များ အားလုံးကို ပြန်လည် ပြင်ဆင်သင့်သည်။

*ရေရှည်တွင်*

• မျိုးစေ့ထုတ်လုပ်ရေး လုပ်ငန်း ပိုမို ယှဉ်ပြိုင်မှု ရှိစေရေးအတွက် **လက်ရှိ မျိုးစေ့စီမံခန့်ခွဲမှု စနစ်ကို မြှင့်တင်ရမည်။** ပို့ကုန်အလားအလာ ပိုမြင့်မားသော စပါးမျိုးသစ်များ ရွေးချယ်ရန် လိုအပ်သည်။

• သင့်တော်ကောင်းမွန်ပြီး တောင်သူများ စိတ်ပါဝင်စားသည့် နည်းပညာကို ပေးအပ်ရန်အတွက် **ပြည်သူ့ စိုက်ပျိုးရေး တိုးချဲ့ ဝန်ဆောင်မှုကို မြှင့်တင်ပေးပြီး** ပုဂ္ဂလိက ကဏ္ဍနှင့် ချိတ်ဆက်လုပ်ဆောင်ရမည်။

• ဈေးကွက် အခွင့်အလမ်းများအား တုန့်ပြန်ရန်နှင့် ဆန်စပါး တိုးချဲ့ထုတ်လုပ်ရန်အတွက် **ရေအရင်း အမြစ်ဆိုင်ရာ စီမံခန့်ခွဲမှု တိုးတက်အောင် ဆောင်ရွက်ပြီး** တောင်သူများအား ဆုံးဖြတ်ချက်ချရာတွင် ပါဝင်လုပ်ဆောင်စေ ရမည်။

• လယ်ယာစိုက်ခင်းမှ ဈေးကွက်အထိ သွားသည့် လမ်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် **ပို့ဆောင်ရေး ကုန်ကျစရိတ်ကို လျှော့ချရမည်။**

• လယ်ယာလုပ်ငန်း စီးပွားဖြစ် လုပ်ဆောင်ရေး အတွက် လိုအပ်သော မြေဖွံ့ဖြိုးတိုးတက်မှု၊ ရွှေ့ပြောင်းမှု နှင့် ပေါင်းစည်းမှုတို့တွင် ရင်းနှီးမြှုပ်နှံမှုကို တိုးချဲ့ပြီး **မြေလုပ်ပိုင်ခွင့် လုံခြုံရေးကို မြှင့်တင်ရမည်။**